
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း

# အနှစ်ချုပ် အစီရင်ခံစာ



ပြည်သူ့အင်အားဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

UNFPA

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ

## ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း


၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကောက်ယူခဲ့ခြင်းဖြစ်ပြီး နိုင်ငံအတွင်း၌ လူဦးရေဆိုင်ရာ ပြောင်းလဲမှုများ လျင်မြန်စွာ ဖြစ်ပေါ်နေချိန်တွင် စာရင်းအင်း အချက်အလက်များ လိုအပ်နေမှုကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းနိုင်ရန်အတွက် ကောက်ယူခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းသည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ပြောင်းလဲနေမှုများကို သိရှိရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စီမံကိန်းများတွင် ထည့်သွင်းအသုံးပြုနိုင်ရန် ရည်ရွယ်ပါသည်။ အလားတူ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ၏ အမျိုးသားညွှန်ကိန်းမူဘောင် (NIF) အတွက် အခြေခံအချက်အလက်များ ရရှိရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs) အတွက် ချမှတ်ထားသော ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏ တိုးတက်မှုများကို အကဲဖြတ်နိုင်ရန်လည်း ရည်ရွယ်ပါသည်။ ထို့အပြင် ကြားဖြတ်သန်းခေါင်စာရင်းသည် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကာလအတွင်း တည်ဆောက်ခဲ့သော စွမ်းဆောင်ရည်ကို ဆက်လက်ထိန်းသိမ်းပြီး ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအတွက် ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းစဉ်တစ်ခုလည်း ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းတွင် လူဦးရေဆိုင်ရာအချက်အလက်များ၊ ရွှေ့ပြောင်းသွားလာမှု၊ ပညာရေး၊ လုပ်သားအင်အား၊ မွေးဖွားမှု၊ သေဆုံးမှု၊ မသန်စွမ်းမှု၊ သက်ကြီးရွယ်အို၊ ရပ်ရွာလှုပ်ရှားမှုများတွင် ပါဝင်မှု၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းများ၏ ဘဝပျော်ရွှင်မှုနှင့် အထောက်အပံ့ရရှိမှု၊ အိမ်နှင့် အိမ်ထောင်စုအကြောင်းအရာများနှင့် ရေရရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး စသည်တို့ကို မေးမြန်းခဲ့ပါသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းတွင် သမားရိုးကျ အိမ်ထောင်စုများကိုသာ ကောက်ယူခဲ့ပြီး ခရိုင်အဆင့် ကိုယ်စားပြု အညွှန်းကိန်းများ ထုတ်ပြန်နိုင်ရန် ရည်ရွယ်ပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာ ဖြင့် နိုင်ငံအဆင့် ကိုယ်စားပြုရွေးချယ်ထားသော နမူနာအိမ်ထောင်စု (၁၃၂,၀၉၂) စုမှ လူဦးရေ (၅၄၈,၅၅၃) ဦးကို မေးမြန်းစာရင်းကောက်ယူခဲ့ပါသည်။

**လူဦးရေပျံ့နှံ့မှု**



## လူဦးရေဆိုင်ရာ အချက်အလက်များ

### လူဦးရေအရွယ်အစားနှင့် ပျံ့နှံ့မှု

မြန်မာနိုင်ငံတွင် သမားရိုးကျအိမ်ထောင်စု လူဦးရေ (၅၁.၁) သန်းရှိပြီး ကျား (၄၆.၈) ရာခိုင်နှုန်း ၊ မ (၅၃.၂) ရာခိုင်နှုန်း ပါဝင်ပါသည်။ စုစုပေါင်းလူဦးရေ၏ (၅၀) ရာခိုင်နှုန်းနီးပါးသည် တိုင်းဒေသကြီး (၃) ခု နှင့် ပြည်နယ် (၁) ခု (ရန်ကုန် (၁၅.၃%)၊ မန္တလေး (၁၂.၁%)၊ ဧရာဝတီ (၁၂.၀%) နှင့် ရှမ်း (၁၀.၅%)) တွင် နေထိုင်ကြပါသည်။

### အိမ်ထောင်စုအရွယ်အစားနှင့် အိမ်ထောင်ဦးစီး


ပျမ်းမျှအိမ်ထောင်စုအရွယ်အစားမှာ (၄.၆) ဦးဖြစ်ပါသည်။ အိမ်ထောင်စု (၇၇) ရာခိုင်နှုန်း၏ အိမ်ထောင်ဦးစီးများမှာ အမျိုးသားများဖြစ်ပြီး (၂၃.၂) ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ပါသည်။ အိမ်ထောင်စု (၄၆) ရာခိုင်နှုန်းခန့်မှာ အိမ်ထောင်စုဝင် (၃) ဦး မှ (၄) ဦး ပါဝင်ပြီး ၂၀၁၄ သန်းခေါင်စာရင်းနှင့်နှိုင်းယှဉ်ပါက (၅) ရာခိုင်နှုန်း တိုးလာသည်ကို တွေ့ရပါသည်။

တစ်ဦးတည်းနေထိုင်သည့် အိမ်ထောင်စုသည် ၂၀၁၄ တွင် (၄.၆) ရာခိုင်နှုန်းရှိရာမှ ၂၀၁၉ တွင် (၅.၄) ရာခိုင်နှုန်းအထိ တိုးမြင့်လာပါသည်။ အဆိုပါ အချက်အလက်များက မြန်မာနိုင်ငံတွင် အရွယ်အစား သေးငယ်သော အိမ်ထောင်စုများကို ပိုမိုရွေးချယ်လာကြကြောင်း ဖော်ပြနေပါသည်။


### အသက်နှင့် ကျား/မ ဖွဲ့စည်းပုံ

ပြည်ထောင်စုအဆင့် ကျား/မ အချိုး (မ ၁၀၀ တွင် ရှိသော ကျားဦးရေ) သည် (၈၇.၈) ဖြစ်ပြီး မြို့ပြတွင် (၈၆.၁) နှင့် ကျေးလက်တွင် (၈၈.၅) ဖြစ်ပါသည်။


လူဦးရေပျံ့နှံ့မှု




အိမ်ထောင်စုအရွယ်အစား




လူဦးရေပိရမစ် (၂၀၁၄ သခစ၊ ၂၀၁၉ ကြားဖြတ်သခစ)




၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်း လူဦးရေပိရမစ်သည် ၂၀၁၄ သန်းခေါင်စာရင်း၏ အိုးပုံစံ ပိရမစ် အတိုင်း ဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။

သို့ရာတွင် မွေးဖွားမှုကျဆင်းလာခြင်းကြောင့် ၂၀၁၉ ခုနှစ်တွင် အသက် (၅-၉) အုပ်စုနှင့် (၁၀-၁၄) အုပ်စုဝင် အရေအတွက် လျော့နည်းလာခဲ့ပြီး သက်ကြီးရွယ်အို အုပ်စုများဖြစ်သည့် အသက် (၅၅) နှစ်နှင့်အထက် အုပ်စုဝင်များတိုးလာခဲ့ကြောင်း တွေ့ရပါသည်။

## မှီခိုသူအချိုး

စုစုပေါင်းမှီခိုသူအချိုးမှာ ၁၉၈၃ ခုနှစ်တွင် (၇၃.၉) ရှိရာမှ ၂၀၁၉ ခုနှစ်တွင် (၅၀.၆) သို့ကျဆင်းလာပြီး အလားတူ ကလေးမှီခိုသူအချိုးလည်း ကျဆင်းလာပါသည်။ သို့ရာတွင် သက်ကြီးရွယ်အို မှီခိုသူအချိုး မြင့်တက်လာပြီး အလုပ်လုပ်နိုင်သည့် အသက်အရွယ်ဖြစ်သည့် (၁၅-၆၄) အုပ်စုဝင် (၁၀၀) ဦးတိုင်းတွင် အသက် (၆၅) နှစ်နှင့်အထက် (၁၀) ဦး ရှိကြောင်း တွေ့ရပါသည်။ အသက်အလယ်ကိန်းမှာ ၁၉၈၃ ခုနှစ်တွင် (၂၄) နှစ် ရှိရာမှ ၂၀၁၉ ခုနှစ်တွင် (၂၈) နှစ်သို့ မြင့်တက်လာပါသည်။


## မွေးစာရင်းမှတ်ပုံတင်ခြင်း


အသက် (၁၅) နှစ်နှင့်အောက် မွေးစာရင်းရှိသူ ရာခိုင်နှုန်းမှာ မြို့ပြတွင် (၉၁.၆) ရာခိုင်နှုန်းနှင့် ကျေးလက်တွင် (၇၈.၅) ရာခိုင်နှုန်း ဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ကချင် (၉၂.၅%) နှင့် ကယား (၉၁.၂%) တို့သည် အများဆုံးဖြစ်ပြီး အနိမ့်ဆုံးမှာ ရခိုင် (၅၉.၄%) ဖြစ်ပါသည်။

## ဘဏ်ငွေစာရင်း

မြန်မာနိုင်ငံရှိ လူဦးရေအများစုတွင် ဘဏ်ငွေစာရင်း မရှိကြကြောင်း တွေ့ရပါသည်။ အသက် (၁၈) နှစ်နှင့် အထက် လူဦးရေစုစုပေါင်း၏ (၁၃) ရာခိုင်နှုန်းသာ ဘဏ်ငွေစာရင်းရှိပြီး မြို့ပြတွင် (၂၅) ရာခိုင်နှုန်းနှင့် ကျေးလက်တွင် (၈) ရာခိုင်နှုန်းတို့ ဖြစ်ပါသည်။ ဘဏ်ငွေစာရင်းမရှိရခြင်း၏ အဓိကအကြောင်းရင်းမှာ "ဘဏ်ငွေစာရင်းဖွင့်လှစ်ရန် ငွေအလုံအလောက် မရှိ၍" (၅၃.၂%) နှင့် "ဘဏ်ငွေစာရင်း မလိုအပ်၍" (၄၆.၆%) တို့ ဖြစ်ပါသည်။

| မှီခိုသူအချိုးနှင့် အသက် အလယ်ကိန်း | ၁၉၈၃ သခစ | ၂၀၁၄ သခစ | ၂၀၁၉ ကြားဖြတ် |
|---|---|---|---|
| စုစုပေါင်းမှီခိုသူအချိုး | ၇၃.၉ | ၅၂.၄ | ၅၀.၆ |
| ကလေးမှီခိုသူအချိုး | ၆၇.၁ | ၄၃.၇ | ၄၀.၉ |
| သက်ကြီးရွယ်အိုမှီခိုသူအချိုး | ၆.၈ | ၈.၈ | ၉.၇ |
| အသက်အလယ်ကိန်း | ၂၄.၁ | ၂၇.၁ | ၂၈.၂ |




## ပညာရေး

### စာတတ်မြောက်မှုနှင့် တွက်ချက်တတ်မှု


စာတတ်မြောက်မှုနှုန်းမှာ (၈၉.၁) ရာခိုင်နှုန်းဖြစ်ပြီး တွက်ချက်တတ်မှုနှုန်းမှာ (၈၉.၅) ရာခိုင်နှုန်းဖြစ်ပါသည်။ စာတတ်မြောက်မှုနှင့် တွက်ချက်တတ်မှုနှုန်း အများဆုံးကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော် တို့တွင် တွေ့ရှိရပြီး (၉၂) ရာခိုင်နှုန်းအထက်တွင် ရှိပါသည်။

စာတတ်မြောက်မှုနှုန်း အနိမ့်ဆုံးမှာ ကရင်ပြည်နယ် (၇၀.၉%) နှင့် ရှမ်းပြည်နယ် (၇၂.၆%) တို့ ဖြစ်ပါသည်။ တွက်ချက်တတ်မှုနှုန်း အနိမ့်ဆုံးသည်လည်း ကရင်ပြည်နယ် (၇၂.၆%) နှင့် ရှမ်းပြည်နယ် (၈၀.၇%) တို့ပင် ဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက်စာတတ်မြောက်မှု





တိုင်းဒေသကြီး/ပြည်နယ်အလိုက်တွက်ချက်တတ်မှု




### ကျောင်းတက်ရောက်မှု

ကျောင်းတက်ရောက်မှုနှင့် ပတ်သက်၍ မြို့ပြနှင့် ကျေးလက်ကြားတွင် ကွာဟမှု များပြားပါသည်။ မြို့ပြတွင် အသက် (၅) နှစ်နှင့်အထက်လူဦးရေ (၁၀၀) တွင် (၅) ဦးသာ ကျောင်းမတတ်ဘူးသော်လည်း ကျေးလက်တွင် (၉) ဦး ကျောင်းမတတ်ဘူးသည်ကို တွေ့ရပါသည်။

လုံးဝကျောင်းမတက်ဘူးသူရာခိုင်နှုန်း



## လက်ရှိကျောင်းတက်ရောက်မှု


အသက် (၃) နှစ်မှ (၈) နှစ်အတွင်း ကလေး (၅.၅) သန်းတွင် (၆၅) ရာခိုင်နှုန်းသည် လက်ရှိကျောင်းတက်နေပြီး ကျား (၆၄) ရာခိုင်နှုန်းနှင့် မ (၆၆) ရာခိုင်နှုန်း ဖြစ်သဖြင့် ကျား/မ ကွာခြားမှုအနည်းငယ်သာရှိပါသည်။

ကျား/မ နှစ်မျိုးလုံးတွင် ကျောင်းတက်ရောက်မှု အမြင့်ဆုံးအသက်အရွယ်မှာ အသက် (၆) နှစ်မှ (၁၃) နှစ်ကြား ဖြစ်ပါသည်။ (၉၃% အထက်)

ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်ကြပါသည်။ အသက် (၁၂) နှစ်မှစ၍ ကျောင်းတက်နှုန်း စတင်ကျဆင်းလာပြီး အသက် (၁၄) နှစ်နောက်ပိုင်းတွင် သိသာစွာ ကျဆင်းလာပါသည်။ အသက် (၁၈) နှစ်အရွယ် (၁၀) ဦးတွင် (၃) ဦးသာ ကျောင်းတက်နေပြီး အသက်အုပ်စုအားလုံးတွင် ကျား/မ ကွာခြားမှု အနည်းငယ်သာရှိပါသည်။

| အသက် အုပ်စု | လက်ရှိကျောင်းတက်ရောက်မှု (%) | | |
|---|---|---|---|
| | ပေါင်း | ကျား | မ |
| ၃-၈ | ၆၄.၈ | ၆၄.၁ | ၆၅.၅ |
| ၆-၉ | ၉၆.၉ | ၉၆.၄ | ၉၇.၃ |
| ၁၀-၁၃ | ၉၃.၄ | ၉၃ | ၉၃.၉ |
| ၁၄-၁၅ | ၇၆.၀ | ၇၂.၈ | ၇၉.၂ |
| ၁၅-၂၄ | ၃၁.၆ | ၂၉.၂ | ၃၃.၉ |
| ၂၅+ | ၀.၃ | ၀.၄ | ၀.၃ |


**အသက် (၅) နှစ် မှ (၂၉) နှစ် အထိလူဦးရေ၏ လက်ရှိ ကျောင်းတက်ရောက်မှု**




## ကျောင်းဆက်မတက်သည့် အဓိကအကြောင်းရင်း

ကျောင်းဆက်မတက်သူ (၁၀) ဦးတွင် (၃) ဦးမှာ မိသားစုကို ကူညီနေရပြီး (၂) ဦးမှာ ကျောင်းထားရန် ငွေကြေးမတတ်နိုင်၍ ကျောင်းဆက်မတက်ရခြင်း ဖြစ်ပါသည်။ “စာမလိုက်နိုင်၍/ စိတ်မဝင်စားစရာမကောင်း၍” ဟု ဖြေဆိုသူ (၁၂) ရာခိုင်နှုန်း ရှိပါသည်။

**ကျောင်းဆက်မတက်သည့် အဓိကအကြောင်းရင်း**




# လုပ်သားအင်အား

## လုပ်သားအင်အားပါဝင်နှုန်း


အသက် (၁၅) နှစ်နှင့်အထက်လူဦးရေ၏ လုပ်သားအင်အားပါဝင်နှုန်းမှာ (၆၃) ရာခိုင်နှုန်း ဖြစ်ပါသည်။

ကျား/မ ကွာခြားမှုကြီးမားပြီး အသက် (၁၅) နှစ်နှင့် အထက် ကျား လုပ်သားအင်အား ပါဝင်နှုန်းမှာ (၇၆) ရာခိုင်နှုန်းဖြစ်ပြီး မ လုပ်သားအင်အား ပါဝင်နှုန်းမှာ (၅၃) ရာခိုင်နှုန်းဖြစ်ပါသည်။

အသက်အုပ်စု အားလုံးတွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်သားအင်အားပါဝင်နှုန်း ပိုများပါသည်။

ကျား/မ အုပ်စုနှစ်စုလုံးတွင် အသက် (၂၅) မှ (၄၉) နှစ်အတွင်း ပါဝင်နှုန်းမှာ တစ်ပြေးညီဖြစ်သော်လည်း အသက် (၄၉) နှစ် နောက်ပိုင်းတွင် စတင်ကျဆင်း လာသည်ကို တွေ့ရပါသည်။ အသက် (၆၀) နှစ်နှင့် အထက်တွင် ကျား/မ နှစ်မျိုးလုံး၏ လုပ်သားအင်အား ပါဝင်နှုန်း သိသာစွာ ကျဆင်းလာပါသည်။

အသက် (၁၅) နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အားပါဝင်နှုန်း




## အလုပ်လက်မဲ့နှုန်း

အသက် (၁၅) နှစ်နှင့်အထက်လူဦးရေ၏ အလုပ်လက်မဲ့ နှုန်းမှာ (၂.၇) ရာခိုင်နှုန်းဖြစ်ပါသည်။

## လူဦးရေတွင်အလုပ်လုပ်သူပါဝင်မှုအချိုး

လူဦးရေတွင် အလုပ်လုပ်သူ ပါဝင်မှုအချိုးမှာ (၆၁.၅) ရာခိုင်နှုန်းဖြစ်ပါသည်။ အသက် (၁၅) နှစ်နှင့် အထက် လူဦးရေ၏ (၆၁.၅) ရာခိုင်နှုန်းမှာ လက်ရှိ လုပ်ငန်းခွင် တွင်ရှိနေပြီး ကျန် (၃၈.၅) ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့ (သို့မဟုတ်) လုပ်သားအင်အားပြင်ပတွင် ရှိသူများ ဖြစ်ပါသည်။

| ဧရိယာ | ပေါင်း | ကျား | မ |
|---|---|---|---|
| **လုပ်သားအင်အားပါဝင်နှုန်း (၁၅+)** | | | |
| ပြည်ထောင်စု | ၆၃.၂ | ၇၅.၇ | ၅၂.၇ |
| မြို့ပြ | ၅၈.၉ | ၇၀.၈ | ၄၉.၁ |
| ကျေးလက် | ၆၅.၁ | ၇၇.၈ | ၅၄.၂ |
| **အလုပ်လက်မဲ့နှုန်း (၁၅+)** | | | |
| ပြည်ထောင်စု | ၂.၇ | ၂.၁ | ၃.၄ |
| မြို့ပြ | ၂.၆ | ၂.၄ | ၂.၈ |
| ကျေးလက် | ၂.၇ | ၁.၉ | ၃.၆ |
| **လူဦးရေတွင်အလုပ်လုပ်သူပါဝင်မှုအချိုး (၁၅+)** | | | |
| ပြည်ထောင်စု | ၆၁.၅ | ၇၄.၁ | ၅၀.၉ |
| မြို့ပြ | ၅၇.၃ | ၆၉.၀ | ၄၇.၇ |
| ကျေးလက် | ၆၃.၃ | ၇၆.၃ | ၅၂.၃ |

## အလုပ်အကိုင်အခြေအနေ

အသက် (၁၅) နှစ်နှင့်အထက် အလုပ်ရှိသူများ၏ ထက်ဝက်ခန့် (၄၅%) သည် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင် နေသူများဖြစ်ပြီး (၂၈) ရာခိုင်နှုန်းမှာ ပုဂ္ဂလိကကဏ္ဍ တွင် လုပ်ကိုင်နေသူများ ဖြစ်ပါသည်။ အစိုးရဝန်ထမ်း (၄) ရာခိုင်နှုန်းခန့်ရှိပြီး (၁၃) ရာခိုင်နှုန်းမှာ မိသားစု/ အိမ်ထောင်စု လုပ်ငန်းများတွင် အခကြေးငွေမရရှိဘဲ ကူညီလုပ်ကိုင်သူများ ဖြစ်ပါသည်။

| အလုပ်အကိုင် အခြေအနေ | % |
|---|---|
| **စုစုပေါင်း** | **၁၀၀.၀** |
| အစိုးရဝန်ထမ်း | ၄.၃ |
| အလုပ်သမား (ပုဂ္ဂလိက/အဖွဲ့အစည်း) | ၂၇.၇ |
| လုပ်ခရသော အလုပ်သင် | ၄.၂ |
| အလုပ်ရှင် (ပုံမှန်အလုပ်သမားနှင့်) | ၅.၆ |
| ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ (ပုံမှန် အလုပ်သမားမရှိ) | ၄၅.၁ |
| အခကြေးငွေ မရသော မိသားစုဝင် လုပ်သား/ မိသားစုလုပ်ငန်း | ၁၃.၁ |
| အခြား | ၀.၁ |

## မွေးဖွားခြင်းနှင့် သေဆုံးခြင်း

### မွေးနှုန်းကြမ်း (CBR)

မြန်မာနိုင်ငံ၏ မွေးနှုန်းကြမ်း (လူ (၁,၀၀၀) တွင် အရှင်မွေးသောကလေး) သည် (၁၆.၆) ယောက်နှုန်း ဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များတွင် မွေးနှုန်းကြမ်း ကွာဟမှု ကြီးမားပြီး မွေးနှုန်းကြမ်း အမြင့်ဆုံးကို ချင်းပြည်နယ် (၂၆.၂)၊ ကယားပြည်နယ် (၂၀.၆) နှင့် ကချင်ပြည်နယ် (၂၀.၂)၊ အနိမ့်ဆုံးကို တနင်္သာရီတိုင်းဒေသကြီး (၁၄.၄) နှင့် မကွေးတိုင်းဒေသကြီး (၁၄.၆) တို့တွင်တွေ့ရပါသည်။


### စုစုပေါင်းကလေးမွေးနှုန်း (TFR)

မြန်မာနိုင်ငံ၏ စုစုပေါင်းကလေးမွေးနှုန်း (အမျိုးသမီး တစ်ဦးကလေးမွေးနှုန်း) သည် (၂) ဦး ဖြစ်ပါသည်။ စုစုပေါင်းကလေးမွေးနှုန်းသည် မြို့ပြတွင် (၁.၇) ဦး နှင့် ကျေးလက်တွင် (၂.၂) ဦး ဖြစ်ပါသည်။ ကလေး မွေးနှုန်းသည် ချင်းပြည်နယ်တွင် အမြင့်ဆုံး (၃.၉ ဦး) ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် အနိမ့်ဆုံး (၁.၆ ဦး) ဖြစ်ပါသည်။


### အိမ်ထောင်ကျဖူးသူအမျိုးသမီးများ၏ စုစုပေါင်း ကလေးမွေးနှုန်း (TMFR)

အိမ်ထောင်ကျဖူးသူ အမျိုးသမီးများ၏ စုစုပေါင်း ကလေးမွေးနှုန်းသည် ပြည်ထောင်စုအဆင့်တွင် (၃.၉) ဦးဖြစ်ပြီး မြို့ပြ၌ (၃.၇) ဦးနှင့် ကျေးလက်၌ (၄) ဦးဖြစ်ပါသည်။ အိမ်ထောင်ကျဖူးသူအမျိုးသမီး များ၏ စုစုပေါင်းကလေးမွေးနှုန်း အမြင့်ဆုံး (၆.၄ ဦး) ကို ချင်းပြည်နယ်တွင် တွေ့ရပြီး အနိမ့်ဆုံးကို ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီး (၃.၃ ဦးစီ) တို့ တွင် တွေ့ရှိရပါသည်။

**မွေးနှုန်းကြမ်း**




**စုစုပေါင်း ကလေးမွေးနှုန်းနှင့် အိမ်ထောင်ကျဖူးသူ အမျိုးသမီး များ၏ စုစုပေါင်း ကလေးမွေးနှုန်း**





### ပထမဆုံးအိမ်ထောင်ပြုစဉ်အသက်နှင့် ပထမဆုံး အရှင်မွေးကလေး မွေးဖွားစဉ်အသက်

မြန်မာအမျိုးသမီးများ၏ ပထမဆုံးအိမ်ထောင်ပြု စဉ်အသက်အလယ်ကိန်းမှာ (၂၁.၂) နှစ်ဖြစ်ပြီး မြို့ပြ တွင် (၂၂.၃) နှစ်နှင့် ကျေးလက်တွင် (၂၀.၉) နှစ် ဖြစ်ပါသည်။ အသက် (၁၀–၄၉) နှစ်အတွင်း ရှိ အမျိုးသမီးများ၏ ပထမဆုံး အရှင်မွေးကလေး မွေးဖွားစဉ် အသက်အလယ်ကိန်းမှာ (၂၃.၂) နှစ် ဖြစ်သဖြင့် မြန်မာအမျိုးသမီးများ၏ ကလေးမွေး ဖွားစဉ် အသက်သည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ် လျှင် မြင့်မားကြောင်း တွေ့ရပါသည်။ ပထမဆုံး အိမ်ထောင်ပြုစဉ်အသက်နှင့် အရှင်မွေးကလေး မွေး ဖွားစဉ်အသက်တို့ကို နှိုင်းယှဉ်ပါက မြန်မာအမျိုး

သမီးများသည် ပျမ်းမျှအားဖြင့် အိမ်ထောင်ကျပြီး (၂) နှစ်ခန့်တွင် ကလေးမွေးဖွားကြောင်း တွေ့ရပါသည်။

**ပထမဆုံးအိမ်ထောင်ပြုစဉ်နှင့် ပထမဆုံး အရှင်မွေးကလေး မွေးဖွားစဉ်အသက်**




## ကလေးသူငယ်လက်ထပ်ထိမ်းမြားမှု

အသက် (၂၀-၂၄) နှစ်အုပ်စုဝင် အိမ်ထောင်ကျဖူးသူ အမျိုးသမီး (၁၆) ရာခိုင်နှုန်းခန့်သည် အသက် (၁၈) နှစ်မတိုင်မီ လက်ထပ်ထိမ်းမြားခဲ့ပါသည်။ အဆိုပါ ရာခိုင်နှုန်းသည် မြို့ပြ (၁၄.၇%) ထက် ကျေးလက် (၁၇%) တွင် ပိုမြင့်မားသည်ကို တွေ့ရပါသည်။ ကယားပြည်နယ်တွင်အနိမ့်ဆုံး (၉%) ဖြစ်ပြီး နေပြည်တော်တွင် အမြင့်ဆုံး (၂၁%) ဖြစ်ပါသည်။

## ဆယ်ကျော်သက်ရွယ် ကလေးမွေးနှုန်း


မြန်မာနိုင်ငံ၏ ဆယ်ကျော်သက်ရွယ် ကလေးမွေးနှုန်းသည် အသက် (၁၅-၁၉) နှစ်အုပ်စုဝင် အမျိုးသမီး (၁,၀၀၀) ဦးတွင် ကလေး (၂၀.၃) ဦး ဖြစ်ပါသည်။ အသက်ကြီးလာသည်နှင့်အမျှ ကလေးမွေးနှုန်း ပိုမိုမြင့်တက်လာပါသည်။

| တိုင်းဒေသကြီး/ ပြည်နယ်/ ဧရိယာ | ပထမဆုံး အိမ်ထောင်ပြုစဉ် အသက် | |
|---|---|---|
| | ၁၈ နှစ်အောက် | ၁၈-၂၄ နှစ် |
| **ပြည်ထောင်စု** | **၁၆.၄** | **၈၃.၆** |
| မြို့ပြ | ၁၄.၇ | ၈၅.၃ |
| ကျေးလက် | ၁၇.၀ | ၈၃.၀ |
| ကချင် | ၁၂.၃ | ၈၇.၇ |
| ကယား | ၉.၁ | ၉၀.၉ |
| ကရင် | ၁၆.၄ | ၈၃.၆ |
| ချင်း | ၁၆.၀ | ၈၄.၀ |
| စစ်ကိုင်း | ၁၄.၃ | ၈၅.၇ |
| တနင်္သာရီ | ၁၃.၃ | ၈၆.၇ |
| ပဲခူး | ၁၈.၁ | ၈၁.၉ |
| မကွေး | ၁၆.၁ | ၈၃.၉ |
| မန္တလေး | ၁၅.၂ | ၈၄.၈ |
| မွန် | ၁၈.၃ | ၈၁.၇ |
| ရခိုင် | ၁၅.၇ | ၈၄.၃ |
| ရန်ကုန် | ၁၅.၇ | ၈၄.၃ |
| ရှမ်း | ၂၀.၀ | ၈၀.၀ |
| ဧရာဝတီ | ၁၆.၀ | ၈၄.၀ |
| နေပြည်တော် | ၂၁.၀ | ၇၉.၀ |

## သေနှုန်းကြမ်း (CDR)

မြန်မာနိုင်ငံ၏ သေနှုန်းကြမ်းမှာ လူဦးရေ (၁,၀၀၀) တွင် (၇.၈) ဦးဖြစ်ပါသည်။ မြို့ပြသေနှုန်းကြမ်း (၉.၃ ဦး) သည် ကျေးလက်သေနှုန်းကြမ်း (၇.၂ ဦး) ထက် ပိုမြင့်ပါသည်။

**သေနှုန်းကြမ်း**



### ကလေးသေနှုန်းနှင့် မွေးဖွားစဉ်မျှော်မှန်းသက်တမ်း

၂၀၁၉ မတိုင်မီတစ်နှစ်အတွင်း ငါးနှစ်အောက် ကလေး သေနှုန်းမှာ အရှင်မွေးကလေး (၁,၀၀၀) ဦးတွင် (၃၈) ဦး ဖြစ်ပါသည်။ တစ်နှစ်အောက် ကလေး သေနှုန်းမှာ (၃၁) ဦးဖြစ်ပြီး တစ်နှစ်နှင့် ငါးနှစ်ကြား ကလေးသေနှုန်း မှာ (၇) ဦး ဖြစ်ပါသည်။

မွေးဖွားစဉ် မျှော်မှန်းသက်တမ်းမှာ (၆၉.၄) နှစ် ဖြစ် ပါသည်။ မ မျှော်မှန်းသက်တမ်း (၇၃.၃ နှစ်) သည် ကျား မျှော်မှန်းသက်တမ်း (၆၆.၅ နှစ်) ထက် များစွာ မြင့်မားသည်ကို တွေ့ရပါသည်။

| ဧရိယာ/ကျား/မ | ကလေးသေနှုန်း | | | မွေးဖွားစဉ် မျှော်မှန်း သက်တမ်း |
|---|---|---|---|---|
| | တစ်နှစ် အောက် | ကလေး | ငါးနှစ် အောက် | |
| **ပြည်ထောင်စု** | **၃၀.၉** | **၇.၀** | **၃၇.၇** | **၆၉.၄** |
| မြို့ပြ | ၂၂.၃ | ၄.၁ | ၂၆.၃ | ၇၁.၉ |
| ကျေးလက် | ၃၄.၁ | ၈.၂ | ၄၂.၁ | ၆၈.၅ |
| ကျား | ၃၉.၄ | ၉.၁ | ၄၈.၂ | ၆၆.၅ |
| မ | ၂၁.၁ | ၄.၄ | ၂၅.၄ | ၇၃.၃ |


## ရွှေ့ပြောင်းသွားလာခြင်း

### ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်း

မြန်မာနိုင်ငံလူဦးရေ၏ (၁၇) ရာခိုင်နှုန်းခန့်သည့် ဘဝ တွင် အနည်းဆုံး တစ်ကြိမ် ရွှေ့ပြောင်းဖူးသူများ ဖြစ် ပါသည်။ ရန်ကုန်တိုင်းဒေသကြီးသည် လူ (၁,၀၀၀) ဦးတွင် ပြောင်းဝင်နှုန်း (၂၆၅) ဦးနှုန်းဖြင့် အများဆုံး ဖြစ်ပါသည်။ ပြောင်းဝင်နှုန်းအနိမ့်ဆုံး (လူ ၁,၀၀၀ ဦး တွင် ၁၄ ဦး) ကို ဧရာဝတီတိုင်းဒေသကြီးတွင် တွေ့ရ ပါသည်။ ပြောင်းထွက်နှုန်း အမြင့်ဆုံး (လူ ၁,၀၀၀ တွင် ၁၅၉ ဦး) ကိုလည်း ဧရာဝတီတိုင်းဒေသကြီးတွင် တွေ့ ရပါသည်။

ရန်ကုန်တိုင်းဒေသကြီး၏ အသားတင်ရွှေ့ပြောင်းနှုန်း သည် (၂၃၄) ဦး (လူ ၁,၀၀၀ တွင် ၂၆၅ ဦး ပြောင်း ဝင်၍ ၃၁ ဦးပြောင်းထွက်) ဖြစ်ပြီး ဧရာဝတီတိုင်းဒေသ ကြီး၏ အသားတင် ရွှေ့ပြောင်းနှုန်းမှာ (-၁၄၅) ဦး (လူ ၁,၀၀၀ တွင် ၁၄ ဦး ပြောင်းဝင်၍ ၁၅၉ ဦး ပြောင်း ထွက်) ဖြစ်ပါသည်။ ကျား/မ နှစ်မျိုး လုံးတွင် ရွှေ့ပြောင်း ရသည့် အဓိကအကြောင်းရင်းများမှာ "မိသားစု နောက်လိုက်၍" (၃၇%)၊ "အလုပ်ကြောင့်/အလုပ်ရှာ ရန်/စီးပွားရေးကြောင့်" (၃၁%) နှင့် "အိမ်ထောင်ကျ၍" (၂၆%) ဖြစ်ပါသည်။

**အသားတင်ရွှေ့ပြောင်းနှုန်း**




### ရွှေ့ပြောင်းမှုလမ်းကြောင်း


ရွှေ့ပြောင်းမှုလမ်းကြောင်း အမြင့်ဆုံးမှာ မြို့ပြ-မြို့ပြ (၃၇.၁%) ဖြစ်ပြီး ဒုတိယအမြင့်ဆုံးမှာ ကျေးလက်- ကျေးလက် (၂၅.၉%) ဖြစ်ပါသည်။ ကျေးလက်မှ မြို့ပြသို့ ရွှေ့ပြောင်းနှုန်းမှာ အနည်းဆုံး (၁၃.၇%) ဖြစ် ပါသည်။

| ကျား/မ | ရွှေ့ပြောင်းမှုလမ်းကြောင်း (%) | | | |
|---|---|---|---|---|
| | မြို့ပြ - မြို့ပြ | မြို့ပြ - ကျေးလက် | ကျေးလက် - မြို့ပြ | ကျေးလက် - ကျေးလက် |
| **ပေါင်း** | **၃၇.၁** | **၂၃.၃** | **၁၃.၇** | **၂၅.၉** |
| ကျား | ၃၆.၃ | ၂၂.၉ | ၁၄.၄ | ၂၆.၅ |
| မ | ၃၇.၈ | ၂၃.၇ | ၁၃.၁ | ၂၅.၃ |

## ပြည်ပရွှေ့ပြောင်းသွားလာခြင်း

မြန်မာနိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ၏ (၆၇) ရာခိုင်နှုန်းမှာ ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး (၁၄) ရာခိုင်နှုန်းမှာ မလေးရှားနိုင်ငံတွင် ရောက်ရှိနေပါသည်။ ပြည်ပရွှေ့ပြောင်းသူအများစု (၈၆% ခန့်) သည် အလုပ်ကြောင့်/ အလုပ်ရှာရန်/ စီးပွားရေးကြောင့် ရွှေ့ပြောင်းရခြင်း ဖြစ်ပါသည်။ ပြည်ပရောက်ရှိနေသူ (၂၆%) သည် “မိသားစု အဆက်အသွယ်ဖြင့်” ရောက်ရှိနေခြင်း ဖြစ်ပါသည်။

**နိုင်ငံအလိုက်ရောက်ရှိနေထိုင်သော အိမ်ထောင်စုဝင်ရာခိုင်နှုန်း**





## နိုင်ငံခြားတွင်ရောက်ရှိနေသော အိမ်ထောင်စုဝင်များ၏ လူဦးရေပိရမစ်

၂၀၁၄ နှင့် ၂၀၁၉ ပြည်ပရွှေ့ပြောင်းသူများ၏ ပိရမစ်မှာပုံစံတူဖြစ်သဖြင့် ရွှေ့ပြောင်းသူများ၏ အသက်ဖွဲ့စည်းပုံမှာ (၅) နှစ်အတွင်း များစွာပြောင်းလဲမှု မရှိကြောင်းတွေ့ရပါသည်။

ရွှေ့ပြောင်းသူ အများစုသည် အသက် (၂၀) မှ (၄၄) နှစ်အတွင်း အလုပ်လုပ်နိုင်သည့် အရွယ်ရောက်ပြီးသူများ ဖြစ်ကြပါသည်။

**နိုင်ငံခြားတွင် ရောက်ရှိနေသော အိမ်ထောင်စုဝင်များ၏ လူဦးရေပိရမစ် (၂၀၁၄ သခစ နှင့် ၂၀၁၉ ကြားဖြတ်သခစ)**





## နိုင်ငံခြားမှ ငွေလွှဲပို့ရာတွင် အဓိက အသုံးပြုသည့် လမ်းကြောင်း

ကြားဖြတ်သန်းခေါင်စာရင်းမကောက်မီ (၁၂) လအတွင်း ပြည်ပရွှေ့ပြောင်းသူ (၆၉) ရာခိုင်နှုန်းခန့်သည် ၎င်းတို့အိမ်ထောင်စုများထံ ငွေပြန်ပို့ခဲ့ကြောင်း တွေ့ရပါသည်။

ဘဏ်အသုံးပြု၍ ငွေလွှဲသည့် ရာခိုင်နှုန်းသည် အမျိုးသားများတွင် ပိုများပြီး (ကျား – ၆၇% နှင့် မ – ၅၄%) အခြားလမ်းကြောင်းများကို အသုံးပြု၍ ငွေလွှဲခြင်းတွင် အမျိုးသမီးများက ပိုများပါသည်။


**နိုင်ငံခြားမှ ငွေလွှဲပို့ရာတွင် အဓိကအသုံးပြုသည့်လမ်းကြောင်း**



## မြန်မာနိုင်ငံသို့ ငွေလွှဲပို့မှုပမာဏ

ပြည်ပရွှေ့ပြောင်းသူများ၏ (၃၆) ရာခိုင်နှုန်းသည် မြန်မာကျပ်ငွေ (၅) သိန်းမှ သိန်း (၂၀) ကြား လွှဲပို့ပြီး (၃၆) ရာခိုင်နှုန်း မှာ (၅) သိန်းအောက်သာ လွှဲပို့သည်ကိုတွေ့ရပါသည်။ (၁၇) ရာခိုင်နှုန်းခန့်သည် သိန်း (၂၀) မှ (၄၀) ကြား လွှဲပို့ပြီး (၁၁) ရာခိုင်နှုန်းသည် သိန်း (၄၀) နှင့်အထက် လွှဲပို့ကြောင်း တွေ့ရပါသည်။

**နိုင်ငံခြားတွင်ရောက်ရှိနေသူများ၏ ငွေလွှဲပို့မှု ပမာဏ**





## နိုင်ငံခြားတွင်ရောက်ရှိနေသူများ၏လက်ရှိအလုပ်အကိုင်

ပြည်ပရွှေ့ပြောင်းသူအများစု (၉၂%) သည် “ဝန်ထမ်း/အလုပ်သမား” များအဖြစ် လုပ်ကိုင်နေကြပြီး အများစုမှာ အလုပ်/စီးပွားရေးကြောင့် ရွှေ့ပြောင်းသည်ဆိုသည့်အချက်ကို သက်သေပြနေပါသည်။

## မြန်မာနိုင်ငံမှမထွက်ခွာမီ အမြင့်ဆုံး တက်ရောက် ပြီးစီးခဲ့သည့်အတန်း

**မြန်မာနိုင်ငံမှ မထွက်ခွာမီ အမြင့်ဆုံး တက်ရောက်ပြီးစီးခဲ့သည့်အတန်း**





ပြည်ပရွှေ့ပြောင်းသူများ၏ (၆၆) ရာခိုင်နှုန်းသည် အလယ်တန်းအထိသာ (မူလတန်း - ၃၄% နှင့် အလယ်တန်း - ၃၂.၃%) တက်ရောက်ပြီးစီးခဲ့ပြီး ၎င်းတို့အနက် (၈) ရာခိုင်နှုန်းမှာ မည်သည့်အတန်းမျှ မအောင်မြင်သူများ ဖြစ်ပါသည်။

# မသန်စွမ်းမှု

## မသန်စွမ်းဖြစ်ပွားမှုနှုန်း

မသန်စွမ်းဖြစ်ပွားမှုနှုန်းမှာ (၁၂.၈) ရာခိုင်နှုန်းဖြစ်ပါသည်။ မသန်စွမ်းဖြစ်ပွားမှုနှုန်းသည် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကွဲပြားမှုရှိပါသည်။ မသန်စွမ်းဖြစ်ပွားမှုနှုန်း အမြင့်ဆုံးကို ချင်းပြည်နယ် (၂၀.၆%)၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး (၁၇.၃% စီ) နှင့် မကွေးတိုင်းဒေသကြီး (၁၇.၀%) တို့တွင် တွေ့ရပြီး အနိမ့်ဆုံးကို ရှမ်းပြည်နယ် (၈.၆%) တွင် တွေ့ရပါသည်။

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် မသန်စွမ်းဖြစ်ပွားမှုနှုန်း**



## မသန်စွမ်းမှုအမျိုးအစား

မသန်စွမ်းမှုအမျိုးအစား (၆) မျိုးတွင် အမြင်အာရုံ ချက်ခဲမှု (၆.၃%) သည် အများဆုံးဖြစ်ပြီး ဒုတိယ အများဆုံးသည် လမ်းလျှောက်/လှေကားတက်ရာတွင် ချက်ခဲမှု (၅.၄%) ဖြစ်ပါသည်။ မှတ်ဉာဏ်/ သင်ယူ လေ့လာခြင်းတို့တွင် ချက်ခဲမှု (၄.၄%)၊ အကြားအာရုံ ချက်ခဲမှု (၂.၄%)၊ မိမိကိုယ်ကို စောင့်ရှောက်ရာတွင် ချက်ခဲမှု (၁.၉%) နှင့် အခြားသူများနှင့်ဆက်သွယ်ရာ တွင် ချက်ခဲမှု (၁.၆%) ရှိပါသည်။ အမျိုးသမီး မသန်စွမ်း ရာခိုင်နှုန်း (၁၃.၉%) သည် အမျိုးသား မသန်စွမ်း ရာခိုင်နှုန်း (၁၁.၆%) ထက်မြင့်မားကြောင်း တွေ့ရှိရပါသည်။

## အသက်အရွယ်အလိုက် မသန်စွမ်းမှု


မသန်စွမ်းဖြစ်ပွားမှုနှုန်းသည် အသက် (၁၀) နှစ် မှ အသက် (၂၉) နှစ်အထိ ငယ်ရွယ်သည့် အသက် အုပ်စုများတွင် (၅% အောက်) နည်းပါးပါသည်။ အသက် (၄၀) နှစ်မှ အသက် (၄၄) နှစ်အတွင်းတွင် (၁၁) ရာခိုင်နှုန်းရှိပြီး နောက်ပိုင်းတွင် သိသိသာသာ မြင့်တက်လာရာ အသက် (၉၀) နှစ်နှင့်အထက်တွင် (၈၀) ရာခိုင်နှုန်းကျော်ရှိကြောင်း တွေ့ရှိရပါသည်။

## ရပ်ရွာအတွင်းပါဝင်လှုပ်ရှားမှု


မသန်စွမ်းသူများ၏ (၃၉.၆) ရာခိုင်နှုန်းသည် ကြားဖြတ် သန်းခေါင်စာရင်း မကောက်မီ (၁၂) လ အတွင်း ရပ်ရွာ အတွင်းပါဝင်လှုပ်ရှားမှု အနည်းဆုံး တစ်ကြိမ် ပြုလုပ် ခဲ့ပါသည်။ ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုသည် အများ ဆုံးဖြစ်ပြီး မသန်စွမ်းသူများ၏ (၃၆) ရာခိုင်နှုန်းခန့် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ပါဝင်လှုပ်ရှားမှုတိုင်းတွင် မသန်စွမ်းအမျိုးသားများ၏ ပါဝင်မှုသည် မသန်စွမ်း အမျိုးသမီးများထက် ပိုများကြောင်း တွေ့ရှိရပါသည်။

| မသန်စွမ်းမှု အမျိုးအစား | ပေါင်း | ကျား | မ |
|---|---|---|---|
| အမြင်အာရုံ | ၆.၃ | ၅.၅ | ၆.၉ |
| အကြားအာရုံ | ၂.၄ | ၂.၀ | ၂.၆ |
| လမ်းလျှောက်/လှေကားတက်ခြင်း | ၅.၄ | ၄.၄ | ၆.၃ |
| မှတ်ဉာဏ်/သင်ယူလေ့လာခြင်း | ၄.၄ | ၃.၉ | ၄.၉ |
| မိမိကိုယ်ကို စောင့်ရှောက်ခြင်း | ၁.၉ | ၁.၉ | ၂.၀ |
| အခြားသူများနှင့် ဆက်သွယ်ခြင်း | ၁.၆ | ၁.၅ | ၁.၆ |

### အသက်အရွယ်အလိုက် မသန်စွမ်းဖြစ်ပွားမှုနှုန်း




### ရပ်ရွာလှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အသက် (၅) နှစ်နှင့်အထက် မသန်စွမ်းသူဦးရေအချိုး




## အထောက်အပံ့ရရှိမှု

လွန်ခဲ့သော (၁၂) လအတွင်းတွင် အသက် (၅) နှစ်နှင့် အထက် မသန်စွမ်းသူ (၅) ဦးလျှင် (၁) ဦးသည် အနည်းဆုံး အထောက်အပံ့ တစ်ခုရရှိခဲ့ပါသည်။

မသန်စွမ်းသူများ၏ အထောက်အပံ့ရရှိမှု အချိုးတွင်

ကျား/မ ကွာခြားမှု အနည်းငယ်သာ ရှိပါသည်။ မသန်စွမ်းသူများ၏ (၁၂) ရာခိုင်နှုန်းခန့်သည် ၎င်းတို့နှင့်အတူနေ မိသားစုဝင်များထံမှ အထောက်အပံ့များ ရရှိခဲ့ပြီး (၇) ရာခိုင်နှုန်းခန့်သာလျှင် အတူမနေ မိသားစုဝင်/အဖွဲ့အစည်းများထံမှ ရရှိခဲ့ပါသည်။ မသန်စွမ်းသူများရရှိခဲ့သည့် အထောက်အပံ့တွင် ငွေကြေးအထောက်အပံ့ (၁၇%) သည် အများဆုံး ဖြစ်ပါသည်။

| အထောက်အပံ့တစ်ခုခုရရှိသူ | ပေါင်း | ကျား | မ |
|---|---|---|---|
| **စုစုပေါင်း** | **၁၉.၃** | **၁၇.၈** | **၂၀.၅** |
| အတူနေမိသားစုဝင်များထံမှ | ၁၂.၀ | ၁၀.၈ | ၁၂.၉ |
| အတူမနေမိသားစုဝင်/ အဖွဲ့အစည်းများထံမှ | ၇.၃ | ၇.၀ | ၇.၆ |


## သက်ကြီးရွယ်အို

၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်းအရ သက်ကြီးရွယ်အိုဦးရေ (၅.၂) သန်းခန့်ရှိပြီး စုစုပေါင်း သမားရိုးကျအိမ်ထောင်စုလူဦးရေ၏ (၁၀.၁) ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

ကလေးဦးရေသည် သက်ကြီးရွယ်အို ဦးရေထက် အရေအတွက်အားဖြင့် ပိုမိုများပြားနေဆဲ ဖြစ်သော်လည်း သက်ကြီးရွယ်အိုညွှန်ကိန်းသည် ၁၉၈၃ ခုနှစ်တွင် (၁၆.၅) ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် (၃၇.၂) အထိ မြင့်တက်လာခဲ့ပါသည်။ ၁၉၈၃ ခုနှစ်တွင် ကလေးဦးရေ (၁၀၀) တွင် သက်ကြီးရွယ်အို (၁၇) ဦးခန့်သာ ရှိခဲ့သော်လည်း ၂၀၁၉ ခုနှစ်တွင် ကလေးဦးရေ (၁၀၀) တွင် သက်ကြီးရွယ်အို (၃၇) ဦးအထိ ရှိလာကြောင်း တွေ့ရှိရပါသည်။

အလားအလာရှိသော ထောက်ပံ့မှုအချိုး (Potential support ratio – အသက် ၆၀ နှစ်နှင့်အထက် လူတစ်ဦးတွင် အလုပ်လုပ်နိုင်သူ လူဦးရေ) သည် ၁၉၈၃ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်ကြားတွင် (၉) ဦးမှ (၆) ဦးအထိ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

မိဘထောက်ပံ့မှုအချိုး (Parent support ratio) သည် ၁၉၈၃ ခုနှစ်တွင် (၁.၇) ရှိခဲ့ရာ မှ ၂၀၁၉ ခုနှစ်တွင် (၃.၄) သို့ တိုးမြင့်လာခဲ့ပြီး သက်လတ်ပိုင်းအရွယ် ကျော်လွန်ခဲ့ပြီးသူများက သက်ကြီးရွယ်အို ဆွေမျိုးများအား စောင့်ရှောက်ပေးရမှုသည် ၁၉၈၃ ခုနှစ်ကထက် ၂၀၁၉ ခုနှစ်တွင် နှစ်ဆပိုများလာခဲ့ကြောင်း ညွှန်ပြနေပါသည်။




| အညွှန်းကိန်းများ | ၁၉၈၃ သခစ* | ၂၀၁၄ သခစ* | ၂၀၁၉ ကြားဖြတ်** |
|---|---|---|---|
| သက်ကြီးရွယ်အိုညွှန်ကိန်း | ၁၆.၅ | ၃၁.၁ | ၃၇.၂ |
| အလားအလာရှိသော ထောက်ပံ့မှုအချိုး | ၈.၇ | ၇.၀ | ၆.၂ |
| မိဘထောက်ပံ့မှုအချိုး | ၁.၇ | ၃.၇ | ၃.၄ |

မှတ်ချက် – * ကောက်ယူရရှိသော စုစုပေါင်းလူဦးရေ

** သမားရိုးကျအိမ်ထောင်စုလူဦးရေ

## ရပ်ရွာအတွင်းပါဝင်လှုပ်ရှားမှု

သက်ကြီးရွယ်အိုဦးရေ၏ (၄၀) ရာခိုင်နှုန်းခန့်သည် ကြားဖြတ်သန်းခေါင်စာရင်း မကောက်မီ (၁၂) လအတွင်း အနည်းဆုံး ပါဝင်မှု/လှုပ်ရှားမှုတစ်မျိုးရှိခဲ့ပြီး “ဘာသာရေးဆိုင်ရာလှုပ်ရှားမှု” (၃၅.၇%) သည် အများဆုံး ဖြစ်ပါသည်။

### ပင်စင်/ထောက်ပံ့ကြေး/အကျိုးခံစားခွင့်အမျိုးအစား

သက်ကြီးရွယ်အိုဦးရေ၏ (၁၄) ရာခိုင်နှုန်းခန့်သာလျှင် ပင်စင်၊ ထောက်ပံ့ကြေးနှင့် အကျိုးခံစားခွင့် တစ်ခုခု ရရှိခဲ့ပါသည်။ ပင်စင်အမျိုးအစားများတွင် အလုပ်ပင်စင်သည် (၆.၅) ရာခိုင်နှုန်းဖြင့် အများဆုံး ဖြစ်ပြီး မိသားစုပင်စင်သည် (၂.၄) ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံး ဖြစ်ပါသည်။

| ပင်စင်/ထောက်ပံ့ကြေး/ အကျိုးခံစားခွင့် | ပေါင်း | ကျား | မ |
|---|---|---|---|
| **ပင်စင်၊ ထောက်ပံ့ကြေးနှင့် အကျိုးခံစားခွင့်တစ်ခုခုရရှိသူ** | **၁၄.၂** | **၁၆.၀** | **၁၃.၀** |
| အလုပ်ပင်စင် | ၆.၅ | ၈.၈ | ၄.၉ |
| စစ်မှုထမ်းဟောင်းပင်စင်၊ မုဆိုးမ ပင်စင် | ၂.၁ | ၂.၈ | ၁.၇ |
| မိသားစုပင်စင် | ၂.၄ | ၁.၂ | ၃.၂ |
| လူမှုရေးပင်စင် | ၁.၆ | ၁.၆ | ၁.၆ |
| နာမကျန်း၊ မသန်စွမ်းပင်စင် | ၀.၄ | ၀.၄ | ၀.၄ |
| နာမကျန်းထောက်ပံ့ကြေး | ၀.၉ | ၀.၇ | ၁.၀ |
| အခြား | ၁.၁ | ၁.၀ | ၁.၁ |
| မသိပါ | ၀.၁ | ၀.၁ | ၀.၁ |

### အထောက်အပံ့ရရှိမှု

ကြားဖြတ်သန်းခေါင်စာရင်း မကောက်မီ (၁၂) လအတွင်း သက်ကြီးရွယ်အိုဦးရေ (၅) သန်းတွင် (၂၇.၈) ရာခိုင်နှုန်းသည် အနည်းဆုံး အထောက်အပံ့ တစ်ခု ရရှိခဲ့ပါသည်။ အတူနေမိသားစုဝင်များသည်ငွေကြေး၊ အစားအစာနှင့် ဆေးကုသမှု အထောက်အပံ့များကို ပံ့ပိုးခြင်းဖြင့် သက်ကြီးရွယ်အိုများအား အဓိက ထောက်ပံ့ပေးနေသည့် အရင်းအမြစ်များဖြစ်ကြောင်း တွေ့ရှိရပါသည်။ သက်ကြီးရွယ်အိုများ၏ (၁၈) ရာခိုင်နှုန်းခန့်သည် အတူနေ မိသားစုဝင်များထံမှ အထောက်အပံ့များရရှိခဲ့ပြီး (၁၀) ရာခိုင်နှုန်းခန့်သာလျှင် အတူမနေ မိသားစုဝင်/အဖွဲ့အစည်းများထံမှ အထောက်အပံ့များ ရရှိခဲ့ကြပါသည်။

| အထောက်အပံ့ အမျိုးအစား | အထောက်အပံ့ရရှိခဲ့သည့် သက်ကြီးရွယ်အိုဦးရေ | | |
|---|---|---|---|
| | ပေါင်း | ကျား | မ |
| **အထောက်အပံ့တစ်ခုခုရရှိသူ** | **၂၇.၈** | **၂၆.၅** | **၂၈.၇** |
| ငွေကြေးအထောက်အပံ့ | ၂၄.၇ | ၂၃.၄ | ၂၅.၅ |
| နေ့စဉ်လှုပ်ရှားမှုများအား ကူညီမှု (အိမ်အတွင်း) | ၁.၇ | ၁.၄ | ၁.၉ |
| လှုပ်ရှားမှုများအား ကူညီမှု (အိမ်ပြင်ပ) | ၀.၂ | ၀.၂ | ၀.၂ |
| ဆေးကုသမှု | ၃.၉ | ၃.၆ | ၄.၀ |
| အိမ်တိုင်ယာရောက်ပြုစု စောင့်ရှောက်မှု | ၀.၅ | ၀.၄ | ၀.၅ |
| နေ့ပိုင်းစောင့်ရှောက်မှု | ၀.၂ | ၀.၁ | ၀.၂ |
| ကြို/ပို့စောင့်ရှောက်မှု | ၀.၁ | * | ၀.၁ |
| အစားအစာ | ၈.၂ | ၇.၉ | ၈.၄ |
| အခြား | ၀.၂ | ၀.၁ | ၀.၂ |

မှတ်ချက်: *၀.၁ ရာခိုင်နှုန်းထက် နည်းပါသည်။

## အိမ်အကြောင်းအရာ

### လျှပ်စစ်မီး

မြန်မာနိုင်ငံတွင် အိမ်ထောင်စုထက်ဝက်ခန့် (၅၃%) သည် အလင်းရောင်အတွက် လျှပ်စစ် ဓာတ်အားကို အဓိက အသုံးပြုကြပါသည်။

**အလင်းရောင်အတွက် အဓိကအသုံးပြုသည့် မီးအမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်း**




မြို့ပြ အိမ်ထောင်စု (၁၀) စုတွင် (၉) စုသည် လျှပ်စစ်ဓာတ်အားကို အသုံးပြုကြပြီး ကျေးလက် အိမ်ထောင်စု (၁၀) စုတွင် (၄) စုသာ လျှပ်စစ်ဓာတ်အား သုံးစွဲသည်ကို တွေ့ရှိရပါသည်။

## ချက်ပြုတ်ရာတွင် အဓိက အသုံးပြုသည့် လောင်စာ အမျိုးအစား

မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ (၅၃.၃) ရာခိုင်နှုန်းသည် အစားအစာ ချက်ပြုတ်ရန်အတွက် သစ်သား/ထင်းကို အသုံးပြုနေကြဆဲဖြစ်ပြီး (၃၇.၆) ရာခိုင်နှုန်းမှာ လျှပ်စစ်မီးကို အသုံးပြုကြပါသည်။ ချက်ပြုတ်ရန်အတွက် လျှပ်စစ်မီး အသုံးပြုမှုသည် မြို့ပြတွင် အိမ်ထောင်စုများ၏ (၇၃) ရာခိုင်နှုန်း နှင့် ကျေးလက်တွင် (၂၄) ရာခိုင်နှုန်း ဖြစ်ပါသည်။ သစ်သား/ထင်းကို အသုံးပြုသည့် အိမ်ထောင်စုများသည် ကျေးလက် တွင် (၇၀) ရာခိုင်နှုန်းခန့်ရှိပြီး မြို့ပြတွင် (၁၃) ရာခိုင်နှုန်း သာရှိပါသည်။

**ချက်ပြုတ်ရာတွင် အဓိကအသုံးပြုသည့်လောင်စာ အမျိုးအစား အလိုက် အိမ်ထောင်စုရာခိုင်နှုန်း**




## အိမ်ပိုင်ဆိုင်မှု

မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ (၉၀) ရာခိုင်နှုန်းမှာ အိမ်ပိုင်ဆိုင်ကြပြီး မြို့ပြတွင် (၇၄.၆) ရာခိုင်နှုန်း နှင့် ကျေးလက်တွင် (၉၆.၅) ရာခိုင်နှုန်း ရှိသည်ကို တွေ့ရပါသည်။ ပုဂ္ဂလိက အိမ်ရာတွင် နေထိုင်ကြသူများမှာ (၆.၁) ရာခိုင်နှုန်းသာရှိပြီး အခမဲ့အိမ်ရာများတွင် နေထိုင်သူ (၂.၈) ရာခိုင်နှုန်း ရှိပါသည်။

## အခန်းအရေအတွက်

မြန်မာနိုင်ငံတွင်နေထိုင်သော အိမ်ထောင်စုများ၏ ထက်ဝက်ခန့်သည် အခန်းတစ်ခန်း (သို့မဟုတ်) နှစ်ခန်းပါသော အိမ်များတွင် နေထိုင်ကြပါသည်။ အိမ်ထောင်စုများ၏ ထက်ဝက်နီးပါးသည် လူများ ပြွတ်သိပ်နေသည့် အိမ်များတွင် နေထိုင်ကြသည်ကို တွေ့ရှိရပါသည်။ မြို့ပြတွင် အိမ်ထောင်စုများ၏ (၂၉) ရာခိုင်နှုန်းနှင့် ကျေးလက်တွင် (၂၆) ရာခိုင်နှုန်းသည် အခန်းတစ်ခန်းတွင် လူ (၂) ဦးနှင့်အထက် နေထိုင်ကြောင်း တွေ့ရပါသည်။

| ဧရိယာ | အခန်းတစ်ခန်းတွင် နေထိုင်သောလူဦးရေ | | | |
|---|---|---|---|---|
| | ၁.၅ ဦးနှင့်အောက် | ၁.၅ မှ ၂ ဦးကြား | ၂ ဦးနှင့်အထက် | ပေါင်း |
| **ပြည်ထောင်စု** | **၅၃.၁** | **၂၀.၅** | **၂၆.၃** | **၁၀၀.၀** |
| မြို့ပြ | ၅၁.၆ | ၁၉.၈ | ၂၈.၆ | ၁၀၀.၀ |
| ကျေးလက် | ၅၃.၇ | ၂၀.၈ | ၂၅.၅ | ၁၀၀.၀ |

## အိမ်ထောင်စုဝင်ငွေ

အိမ်ထောင်စုများ၏ (၂၇) ရာခိုင်နှုန်းသည် တစ်နှစ်ပျမ်းမျှ အိမ်ထောင်စုဝင်ငွေ ကျပ်ငွေ (၁၅) သိန်းနှင့် သိန်း (၃၀) အကြားရှိကြပြီး၊ (၂၆.၁) ရာခိုင်နှုန်းခန့်မှာ ဝင်ငွေ (၅) သိန်းနှင့် (၁၅) သိန်း အကြားရှိသည်ဟု ဖြေဆိုကြပါသည်။

| ဧရိယာ | အိမ်ထောင်စုဝင်ငွေ (သိန်းပေါင်း) | | | | |
|---|---|---|---|---|---|
| | ၅ သိန်းအောက် | ၅-၁၅ အကြား | ၁၅-၃၀ အကြား | ၃၀-၆၀ အကြား | ၆၀+ |
| **ပြည်ထောင်စု** | **၉.၈** | **၂၆.၁** | **၂၇.၀** | **၂၄.၅** | **၁၂.၆** |
| မြို့ပြ | ၃.၄ | ၁၂.၄ | ၂၄.၂ | ၃၇.၁ | ၂၂.၉ |
| ကျေးလက် | ၁၂.၃ | ၃၁.၄ | ၂၈.၁ | ၁၉.၆ | ၈.၇ |

သို့ရာတွင် အိမ်ထောင်စုများ၏ သုံးပုံတစ်ပုံကျော်သည် တစ်နှစ်ပျမ်းမျှဝင်ငွေ အနည်းဆုံး ကျပ်သိန်း (၃၀) ရှိကြပြီး၊ အိမ်ထောင်စုများ၏ (၁၀) ရာခိုင်နှုန်း အောက်သာ ဝင်ငွေအနိမ့်ဆုံးဖြစ်သည့် တစ်နှစ် ပျမ်းမျှဝင်ငွေ ကျပ် (၅) သိန်းနှင့်အောက် ရရှိသည်ကို တွေ့ရပါသည်။

**အိမ်အသုံးအဆောင်ပစ္စည်းများ သုံးစွဲနိုင်မှု**

မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ (၈၆) ရာခိုင်နှုန်းခန့်သည် အနည်းဆုံး လက်ကိုင်ဖုန်းတစ်လုံး ပိုင်ဆိုင်ပြီး၊ (၅၉.၃) ရာခိုင်နှုန်းမှာ ရုပ်မြင်သံကြားစက်နှင့် (၁၉.၁) ရာခိုင်နှုန်းမှာ ရေဒီယိုပိုင်ဆိုင်ကြပါသည်။ အင်တာနက်အသုံးပြုမှုနှင့် ပတ်သက်၍ တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများ၏ (၅၆) ရာခိုင်နှုန်းသည် အိမ်တွင် အင်တာနက် အသုံးပြုလျက်ရှိပြီး၊ မြို့ပြတွင် (၇၄.၇) ရာခိုင်နှုန်း နှင့် ကျေးလက်တွင် (၄၈.၈) ရာခိုင်နှုန်း ရှိသည်ကို တွေ့ရပါသည်။ မည်သည့် ပစ္စည်းမျှမရှိသည့် အိမ်ထောင်စု (၉) ရာခိုင်နှုန်း ရှိပါသည်။

အိမ်ထောင်စုများ၏ (၆၀) ရာခိုင်နှုန်းခန့်သည် မော်တော်ဆိုင်ကယ်/ လျှပ်စစ်စက်ဘီး/ သုံးဘီးကား ပိုင်ဆိုင်ကြပြီး စက်ဘီးပိုင်ဆိုင်မှုမှာ (၃၆.၇) ရာခိုင်နှုန်းရှိပါသည်။ သို့ရာတွင် အိမ်ထောင်စုများ၏ (၇.၈) ရာခိုင်နှုန်းသာလျှင် ကား/ပစ်ကပ်/ ထရပ်ကား/ ဗင်န် စသည့် မော်တော်ယာဉ်ရှိကြောင်းကို တွေ့ရပါသည်။


## ရေရရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး

### သောက်ရေရရှိမှု

မြန်မာနိုင်ငံရှိ အိမ်ထောင်စုအားလုံး၏ (၈၁.၇) ရာခိုင်နှုန်းသည် **အခြေခံ (အနိမ့်ဆုံး) သောက်ရေ ဝန်ဆောင်မှု**[၁] မှ ရေကို သောက်ရေအဖြစ်ရရှိ အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။

အိမ်ထောင်စု အားလုံး၏ (၄၁.၄) ရာခိုင်နှုန်းသည် **သန့်ရှင်း၍ ဘေးကင်းသော သောက်ရေဝန်ဆောင်မှု** မှရယူအသုံးပြုပါသည်။ သန့်ရှင်း၍ ဘေးကင်းသော သောက်ရေ ဝန်ဆောင်မှုဆိုသည်မှာ ကောင်းမွန်သော ရေအရင်းအမြစ်များမှ ရယူသုံးစွဲခြင်းဖြစ်ပြီး ထိုရေအရင်းအမြစ် များသည် မိမိအိမ်ဝင်းအတွင်းတည်ရှိ၍ လိုအပ်သည့် အချိန်တိုင်းရရှိသည့်အပြင် အီးကိုလိုင်း ပိုးကင်းစင်ရပါမည်။[၂] အိမ်ထောင်စုအားလုံး၏ (၄၀.၃) ရာခိုင်နှုန်းသည် **အခြေခံသောက်ရေဝန်ဆောင်မှု** မှ ရယူအသုံးပြုကြကြောင်း တွေ့ရှိရပါသည်။

**သောက်ရေဝန်ဆောင်မှုများ ရရှိသုံးစွဲနေမှု အခြေအနေ**




[၁] အခြေခံ (အနိမ့်ဆုံး) သောက်ရေ ဝန်ဆောင်မှု ဆိုသည်မှာ သန့်ရှင်း၍ ဘေးကင်းသော သောက်ရေဝန်ဆောင်မှု (သို့မဟုတ်) အခြေခံ သောက်ရေဝန်ဆောင်မှုကို ဆိုလိုပါသည်။

[၂] ယခု ကြားဖြတ်သန်းခေါင်စာရင်းအတွက် အီးကိုလိုင်းပိုး ကင်းစင်မှု ရှိ/မရှိကိုသာ စမ်းသပ်စစ်ဆေးခြင်းပြုလုပ်ပါသည်။

အခြေခံသောက်ရေ ဝန်ဆောင်မှုဆိုသည်မှာ ကောင်းမွန်သော ရေအရင်း အမြစ်များမှရယူသုံးစွဲ ခြင်း ဖြစ်ပြီး ထိုရေအရင်းအမြစ် များသို့သွားရောက် ရေခပ်ယူရန်အတွက် မိနစ် (၃၀) အောက်သာဖြစ်ရပါမည်။

သန့်ရှင်း၍ ဘေးကင်းသော သောက်ရေ ဝန်ဆောင်မှုကို ရယူသုံးစွဲမှုသည် မြို့ပြတွင် (၆၃.၈) ရာခိုင်နှုန်း ရှိပြီး ကျေးလက်တွင် (၃၂.၇) ရာခိုင်နှုန်းသာ ရှိပါသည်။ မြန်မာနိုင်ငံရှိ အိမ်ထောင်စုအားလုံး၏ (၀.၄) ရာခိုင်နှုန်းသာလျှင် အကန့်အသတ်ရှိသော သောက်ရေဝန်ဆောင်မှု[၉] မှရေကို သောက်ရေအဖြစ် ရရှိအသုံးပြုနေကြပါသည်။


သို့သော် **ကောင်းမွန်ခြင်းမရှိသော ရေအရင်းအမြစ်**များမှရေကို သောက်ရေအဖြစ် ရယူ သုံးစွဲသည့် အိမ်ထောင်စုပေါင်းမှာ (၅.၅) ရာခိုင်နှုန်း ရှိနေသေးသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် အိမ်ထောင်စုအားလုံး၏ (၁၂.၄) ရာခိုင်နှုန်းသည် **မြေပေါ်ရေဖြစ်သည့် မြစ်ရေ၊ ချောင်းရေ၊ ဆည်ရေ/ ကန်ရေ/ တူးမြောင်းရေ/ ရေသွယ်မြောင်းမှရေ** တို့ကို သောက်ရေအဖြစ် အသုံးပြုနေဆဲ ဖြစ်ပါသည်။ မြို့ပြ အိမ်ထောင်စု အားလုံး၏ (၃.၇) ရာခိုင်နှုန်းသာလျှင် မြေပေါ်ရေကို သောက်ရေအဖြစ် အသုံးပြုကြသော်လည်း ကျေးလက်တွင် (၁၅.၈) ရာခိုင်နှုန်းသည် မြေပေါ်ရေကို သောက်ရေအဖြစ် အသုံးပြုနေကြပါသည်။

## သန့်ရှင်းသောမိလ္လာစနစ်

မြန်မာနိုင်ငံရှိ အိမ်ထောင်စုအားလုံး၏ (၇၉.၆) ရာခိုင်နှုန်း (မြို့ပြ ၈၂.၅% နှင့် ကျေးလက် ၇၈.၅%) သည် **အခြေခံ (အနိမ့်ဆုံး) မိလ္လာဝန်ဆောင်မှု** ကို ရရှိအသုံးပြုနေကြသည်ကို တွေ့ရှိရပါသည်။ အခြေခံ (အနိမ့်ဆုံး) သန့်ရှင်းရေးဝန်ဆောင်မှု ဆိုသည်မှာ အဆိုပါ အိမ်ထောင်စုများသည် ကောင်းမွန် သန့်ရှင်းသော မိလ္လာစနစ်/ အိမ်သာများကို အခြားသော အိမ်ထောင်စုများနှင့် မျှဝေသုံးစွဲခြင်းမရှိဘဲ မိမိ အိမ်ခြံဝင်းအတွင်း၌သာ အသုံးပြုခြင်း ဖြစ်သည်။

မြန်မာနိုင်ငံရှိ အိမ်ထောင်စုအားလုံး၏ (၁၁.၉) ရာခိုင်နှုန်း (မြို့ပြ ၁၅.၄% နှင့် ကျေးလက် ၁၀.၅%) သည် ကောင်းမွန်သန့်ရှင်းသော မိလ္လာစနစ်/အိမ်သာများအား အခြားသောအိမ်ထောင်စုများနှင့် မျှဝေသုံးစွဲရသော **အကန့်အသတ်ရှိသော မိလ္လာဝန်ဆောင်မှု** ကို အသုံးပြုနေဆဲ ဖြစ်ပါသည်။

**မိလ္လာဝန်ဆောင်မှုများ ရရှိသုံးစွဲနေမှုအခြေအနေ**




[၉]ကောင်းမွန်သော ရေအရင်းအမြစ်များသို့ ကြာချိန် (တန်းစီစောင့်ဆိုင်းချိန် အပါအဝင်) မိနစ် (၃၀) အထက်သွားရောက်၍ ခပ်ယူသုံးစွဲရခြင်း။

ထို့အပြင် အိမ်ထောင်စု အားလုံး၏ (၅) ရာခိုင်နှုန်းခန့် (မြို့ပြ ၀.၆% နှင့် ကျေးလက် ၆.၅%) သည် **ပြင်ပ၌ အပေါ့အလေးသွားခြင်း** (အိမ်သာမရှိ/ ခြုံထဲ/ လယ်ကွင်းထဲ) ကို ကျင့်သုံးနေဆဲဖြစ်ပါသည်။

### တစ်ကိုယ်ရေသန့်ရှင်းမှု

မြန်မာနိုင်ငံတွင် အိမ်ထောင်စုအားလုံး၏ (၇၂.၃) ရာခိုင်နှုန်း (မြို့ပြ ၇၅.၇% နှင့် ကျေးလက် ၇၁%) သည် မိမိ၏အိမ်ခြံဝင်းအတွင်းရှိ လက်ဆေးရန်နေရာတွင် ဆပ်ပြာနှင့်ရေထားရှိသည့် **အခြေခံ လက်ဆေးခြင်း ဝန်ဆောင်မှု** ကို ရရှိ အသုံးပြုနေပါသည်။

အိမ်ထောင်စုများ၏ (၂၂.၃) ရာခိုင်နှုန်းသည် လက်ဆေးရန်နေရာ သတ်သတ်မှတ်မှတ်ရှိသော်လည်း ဆပ်ပြာ (သို့မဟုတ်) ရေ တစ်ခုခုမရှိသည့် **အကန့်အသတ်ရှိသော လက်ဆေးခြင်းဝန်ဆောင်မှု** ကို အသုံးပြုနေကြပါသည်။


ထို့အပြင် အိမ်ထောင်စုအားလုံး၏ (၄.၉) ရာခိုင်နှုန်း (မြို့ပြ ၃.၁% နှင့် ကျေးလက် ၅.၆%) တွင် **လက်ဆေးရန် နေရာမရှိသည်** ကို လေ့လာတွေ့ရှိရပါသည်။

### အမှိုက်စွန့်ပစ်ခြင်း စီမံထားရှိမှု

မြန်မာနိုင်ငံတွင် အိမ်ထောင်စု အားလုံး၏ (၁၇.၅) ရာခိုင်နှုန်း (မြို့ပြ ၅၃.၁% နှင့် ကျေးလက် ၃.၆%) သာလျှင် **ဝန်ဆောင်မှုပေးသူများမှတဆင့် အမှိုက်စွန့်ပစ်ခြင်း**ကို ပြုလုပ်ကြပြီး အိမ်ထောင်စု (၅၆.၇) ရာခိုင်နှုန်းသည် **သတ်မှတ်ထားသော နေရာတွင် စွန့်ပစ်ခြင်း (သို့) မိမိအိမ်ခြံဝင်းအတွင်းစွန့်ပစ်ခြင်း (သို့) ကျင်းတူး၍မြေမြှုပ်ခြင်း (သို့) မီးရှို့ခြင်း** များကို ပြုလုပ်ကြပါသည်။

သို့ရာတွင် အိမ်ထောင်စုအားလုံး၏ (၂၂.၃) ရာခိုင်နှုန်း (မြို့ပြ ၆.၉% နှင့် ကျေးလက် ၂၈.၃%) သည် အမှိုက်များကို **ကြုံရာ/အခြားနေရာများတွင်** စွန့်ပစ်နေကြပါသည်။

**အခြေခံ တစ်ကိုယ်ရေသန့်ရှင်းရေးဝန်ဆောင်မှုများ ရရှိသုံးစွဲနေမှု အခြေအနေ**




| အမှိုက်စွန့်ပစ်မှု | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| ဝန်ဆောင်မှုပေးသူများမှ အမှိုက်သိမ်းခြင်း (စည်ပင်အသိအမှတ်ပြုသူ) | ၁၇.၅ | ၅၃.၁ | ၃.၆ |
| ဝန်ဆောင်မှုပေးသူများမှ အမှိုက်သိမ်းခြင်း (အခြားဝန်ဆောင်မှုပေးသူ) | ၃.၅ | ၇.၇ | ၁.၉ |
| သတ်မှတ်ထားသော နေရာ/ မိမိအိမ်ခြံဝင်း အတွင်း အမှိုက်စွန့်ပစ်ခြင်း မြေမြှုပ်ခြင်း(သို့) မီးရှို့ခြင်း | ၅၆.၇ | ၃၂.၃ | ၆၆.၁ |
| ကြုံရာနေရာတွင် စွန့်ပစ်ခြင်း/ အခြား | ၂၂.၃ | ၆.၉ | ၂၈.၃ |

## မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ

| အညွှန်းကိန်းများ | |
|---|---|
| တိုင်းဒေသကြီး/ပြည်နယ် အရေအတွက် | ၁၅ |
| ခရိုင်အရေအတွက် (စာရင်းကောက်ယူနိုင်သော) | ၇၁ |
| ခရိုင်အရေအတွက် (စာရင်းမကောက်ယူနိုင်သော) | ၅ |
| | |
| အိမ်ထောင်စုလူဦးရေ (သမားရိုးကျအိမ်ထောင်စုလူဦးရေ) | |
| စုစုပေါင်း | ၅၁,၁၄၄,၆၀၇ |
| ကျား | ၂၃,၉၁၆,၈၃၆ (၄၆.၈%) |
| မ | ၂၇,၂၂၇,၇၇၁ (၅၃.၂%) |
| မြို့ပြလူဦးရေ ရာခိုင်နှုန်း | ၂၈.၈% |
| နှစ်စဉ်လူဦးရေတိုးနှုန်း (သဘာဝလူဦးရေတိုးနှုန်း) | ၀.၈၈% |
| ကျား/မ အချိုး | ၈၈ (မ ၁၀၀ တွင် ရှိသော ကျားဦးရေ) |
| အသက်အလယ်ကိန်း | ၂၈.၂ |
| | |
| စုစုပေါင်းကလေးမွေးနှုန်း | ၂.၀ |
| အိမ်ထောင်ကျဖူးသူ အမျိုးသမီးများ၏ စုစုပေါင်းကလေးမွေးနှုန်း | ၃.၉ |
| ပထမဆုံး အိမ်ထောင်ပြုစဉ် အသက်အလယ်ကိန်း (အသက် ၁၀ – ၄၉ နှစ်) | ၂၁.၂ |
| ပထမဆုံး အရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်း (အသက် ၁၀ – ၄၉ နှစ်) | ၂၃.၂ |
| ဆယ်ကျော်သက်ရွယ် ကလေးမွေးနှုန်း (အသက် ၁၅ နှစ်မှ ၁၉ နှစ် အတွင်းရှိ အမျိုးသမီး ၁,၀၀၀ ဦးက တစ်နှစ်အတွင်းမွေးဖွားသည့် ကလေးဦးရေ) | ၂၀.၃ |
| | |
| တစ်နှစ်အောက်ကလေးသေနှုန်း (အရှင်မွေးကလေး ၁,၀၀၀ ဦးတွင်) | ၃၁ |
| ငါးနှစ်အောက်ကလေးသေနှုန်း (အရှင်မွေးကလေး ၁,၀၀၀ ဦးတွင်) | ၃၇.၇ |
| မွေးဖွားစဉ် မျှော်မှန်းသက်တမ်း | |
| စုစုပေါင်း | ၆၉.၄ |
| ကျား | ၆၆.၅ |
| မ | ၇၃.၃ |
| | |
| အိမ်ထောင်စု အရေအတွက် (သမားရိုးကျအိမ်ထောင်စု) | ၁၁,၁၆၂,၅၁၀ |
| အမျိုးသမီးအိမ်ထောင်ဦးစီးရာခိုင်နှုန်း | ၂၃.၂% |

| အညွှန်းကိန်းများ | |
|---|---|
| ပျမ်းမျှ အိမ်ထောင်စုအရွယ်အစား | ၄.၆ |
| အသက်အပိုင်းအခြားအလိုက် လူဦးရေရာခိုင်နှုန်း | |
| ကလေးဦးရေ (အသက် ၀ – ၁၄ နှစ်) | ၂၇.၂% |
| အလုပ်လုပ်နိုင်သူဦးရေ (အသက် ၁၅ – ၅၉ နှစ်) | ၆၂.၈% |
| အလုပ်လုပ်နိုင်သူဦးရေ (အသက် ၁၅ – ၆၄ နှစ်) | ၆၆.၄% |
| သက်ကြီးရွယ်အိုဦးရေ (အသက် ၆၀ နှစ်နှင့်အထက်) | ၁၀.၁% |
| သက်ကြီးရွယ်အိုဦးရေ (အသက် ၆၅ နှစ်နှင့်အထက်) | ၆.၄% |
| | |
| မှီခိုသူအချိုး | |
| စုစုပေါင်းမှီခိုသူအချိုး | ၅၉.၄ |
| ကလေးမှီခိုသူအချိုး | ၄၃.၃ |
| သက်ကြီးရွယ်အိုမှီခိုသူအချိုး | ၁၆.၁ |
| | |
| သက်ကြီးရွယ်အို ညွှန်ကိန်း | |
| အသက် (၆၀) နှစ်နှင့်အထက် | ၃၇.၂ |
| အသက် (၆၅) နှစ်နှင့်အထက် | ၂၃.၇ |
| | |
| မွေးစာရင်းရှိသူ (အသက် ၁၅ နှစ်နှင့်အောက်) | ၈၁.၇% |
| ဘဏ်ငွေစာရင်းရှိသူ (အသက် ၁၈ နှစ်နှင့်အထက်) | ၁၃.၀% |
| | |
| စာတတ်မြောက်မှုနှုန်း (အသက် ၁၅ နှစ်နှင့်အထက်) | |
| စုစုပေါင်း | ၈၉.၁% |
| ကျား | ၉၂.၄% |
| မ | ၈၆.၃% |
| | |
| တွက်ချက်တတ်မှုနှုန်း (အသက် ၁၅ နှစ်နှင့်အထက်) | |
| စုစုပေါင်း | ၈၉.၅% |
| ကျား | ၉၂.၄% |
| မ | ၈၇.၁% |
| | |
| မသန်စွမ်းမှု | |
| မသန်စွမ်းဖြစ်ပွားမှုနှုန်း (မည်သည့်မသန်စွမ်းမှု အမျိုးအစားမဆို) | ၁၂.၈% |
| အမြင်အာရုံ | ၆.၃% |

| အညွန်းကိန်းများ | |
|---|---|
| အကြားအာရုံ | ၂.၄% |
| လမ်းလျှောက်/လှေကားတက်ခြင်း | ၅.၄% |
| မှတ်ဉာဏ်/သင်ယူလေ့လာခြင်း | ၄.၄% |
| မိမိကိုယ်ကို စောင့်ရှောက်ခြင်း | ၁.၉% |
| အခြားသူများနှင့်ဆက်သွယ်ခြင်း | ၁.၆% |
| | |
| လုပ်သားအင်အားပါဝင်နှုန်း | |
| အသက် (၁၀) နှစ်နှင့်အထက် | ၅၆.၇% |
| အသက် (၁၅) နှစ်နှင့်အထက် | ၆၃.၂% |
| အသက် (၁၅ – ၆၄) နှစ် | ၆၆.၇% |
| | |
| လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုး | |
| အသက် (၁၀) နှစ်နှင့်အထက် | ၅၅.၂% |
| အသက် (၁၅) နှစ်နှင့်အထက် | ၆၁.၅% |
| အသက် (၁၅ – ၆၄) နှစ် | ၆၄.၉% |
| | |
| ပြည်ပရွှေ့ပြောင်းသွားလာခြင်း | |
| ပြည်ပထွက်ခွာသူများ၏ အသက်အပိုင်းအခြား | |
| အသက် (၀ – ၁၄) နှစ် | ၀.၇% |
| အသက် (၁၅ –၂၄) နှစ် | ၂၈.၇% |
| အသက် (၂၅ – ၃၄) နှစ် | ၄၁.၈% |
| အသက် (၃၅ – ၄၄) နှစ် | ၂၂.၁% |
| အသက် (၄၅ – ၅၄) နှစ် | ၅.၉% |
| အသက် (၅၅ – ၆၄) နှစ် | ၀.၇% |
| အသက် (၆၅) နှစ်နှင့်အထက် | ၀.၁% |
| | |
| မြန်မာနိုင်ငံမှ ထွက်ခွာရသည့် အဓိကအကြောင်းရင်း | |
| အလုပ်ကြောင့်/အလုပ်ရှာရန်/စီးပွားရေး | ၉၅.၉% |
| ပညာရေးကြောင့် | ၂.၀% |
| အိမ်ထောင်ကျ၍ | ၀.၈% |
| မိသားစုနောက်လိုက်၍ | ၁.၂% |
| အခြား | ၀.၁% |
| | |

| အညွှန်းကိန်းများ | | | |
|---|---|---|---|
| နေအိမ်အမျိုးအစား | | | |
| ကွန်ဒိုမီနီယမ်/တိုက်ခန်းတွဲ/တိုက်ခန်း | ၅.၇% | | |
| ဘန်ဂလို/တိုက်အိမ် | ၁၀.၆% | | |
| တိုက်ခံအိမ် | ၁၃.၁% | | |
| ပျဉ်ထောင်အိမ်/သစ်သားအိမ် | ၄၀.၀% | | |
| ဝါးအိမ် | ၂၆.၆% | | |
| (၂-၃) နှစ်ခံ တဲအိမ် | ၃.၀% | | |
| (၁) နှစ်ခံ တဲအိမ် | ၀.၆% | | |
| အခြား | ၀.၅% | | |
| | | | |
| အိမ်ပိုင်ဆိုင်မှု | | | |
| ပိုင်ရှင် | ၉၀.၃% | | |
| အိမ်ငှား (အစိုးရ) | ၀.၇% | | |
| အိမ်ငှား (ပုဂ္ဂလိက) | ၆.၁% | | |
| အခမဲ့ (မိဘ/ယောက္ခမ/ဆွေမျိုး/မိတ်ဆွေ) | ၁.၆% | | |
| အခမဲ့ (အစိုးရဝန်ထမ်းအိမ်ရာ) | ၀.၈% | | |
| အခမဲ့ (ပုဂ္ဂလိကဝန်ထမ်းအိမ်ရာ) | ၀.၄% | | |
| အခြား | ၀.၁% | | |
| | | | |
| နေအိမ်အဆောက်အဦအတွက် အသုံးပြုသည့်ပစ္စည်းများ | အကာ | အခင်း | အမိုး |
| ဓနိ/သက်ကယ်/ထန်းလက်/အင်ဖက် | ၇.၆% | - | ၁၂.၉% |
| ဝါး | ၃၇.၈% | ၁၃.၆% | ၀.၄% |
| မြေကြီး | ၀.၁% | ၈.၂% | * |
| သစ်သား | ၂၄.၂% | ၅၀.၈% | ၀.၃% |
| သွပ် | ၁.၆% | - | ၈၄.၀% |
| အုတ်ကြွပ်/အုတ်/ကွန်ကရစ် | ၂၇.၈% | ၂၇.၄% | ၂.၂% |
| အခြား | ၀.၈% | * | ၀.၁% |
| | | | |
| အိမ်တွင်ရှိသော အခန်းအရေအတွက် | | | |
| (၁) ခန်း | ၁၆.၅% | | |
| (၂) ခန်း | ၃၃.၉% | | |
| (၃) ခန်း | ၂၈.၈% | | |
| (၄) ခန်းနှင့်အထက် | ၂၀.၈% | | |
| | | | |

| အညွှန်းကိန်းများ | |
|---|---|
| အလင်းရောင်အတွက်အဓိကအသုံးပြုသည့် မီးအမျိုးအစား | |
| လျှပ်စစ်ဓာတ်အားလိုင်း(အစိုးရ၊ အိမ်နီးချင်းနိုင်ငံ၊ရပ်ရွာ/ဒေသတွင်း) | ၅၃.၀% |
| မီးစက် (ပုဂ္ဂလိက) | ၃.၅% |
| နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) | ၂၉.၁% |
| လေအား/ရေအားလျှပ်စစ် | ၀.၈% |
| ရေနံဆီမီး | ၀.၅% |
| ဖယောင်းတိုင်မီး | ၄.၃% |
| ပြန်လည်အားဖြည့်နိုင်သော ဘက်ထရီစနစ် | ၈.၇% |
| အခြား | ၀.၁% |
| | |
| ချက်ပြုတ်ရန်အတွက် အဓိကအသုံးပြုသည့် လောင်စာ | |
| လျှပ်စစ်ဓာတ်အားလိုင်း (အစိုးရ၊ အိမ်နီးချင်းနိုင်ငံ၊ ရပ်ရွာ/ ဒေသတွင်း) | ၃၇.၆% |
| မီးစက် (ပုဂ္ဂလိက) | ၀.၂% |
| နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) | ၀.၄% |
| လေအား/ရေအားလျှပ်စစ် | ၀.၁% |
| ရေနံဆီမီး | * |
| ဓာတ်ငွေ့ | ၀.၅% |
| ဘိုင်အိုဂက်စ် | ၁.၁% |
| သစ်သား/ထင်း | ၅၃.၃% |
| မီးသွေး/လောင်စာတောင့် | ၆.၄% |
| ကျောက်မီးသွေး | ၀.၂% |
| ကောက်ရိုး/မြက်ခြောက် | * |
| အခြား | ၀.၁% |
| | |
| သောက်ရေအတွက် အဓိကအသုံးပြုသည့် ရေအရင်းအမြစ် | |
| ပိုက်လိုင်း (အိမ်ထဲသို့၊ မိမိခြံဝင်း/အိမ်နီးချင်း ခြံဝင်း အတွင်းသို့၊ အများသုံးရေဘုံဘိုင်) | ၁၆.၉% |
| အဝီစိတွင်း (စက်ရေတွင်း/ တွင်းနက်/ တွင်းတိမ်) | ၂၇.၃% |
| အကာအကွယ်ရှိသော ရေတွင်း/ စိမ့်စမ်းရေ | ၁၄.၁% |
| ရေသန့်စက်/ရေသန့်ဘူး/ပုလင်း | ၂၁.၇% |
| မိုးရေ | ၂.၀% |
| **ကောင်းမွန်သော ရေအရင်းအမြစ်များမှ သောက်ရေရရှိမှု** | **၈၂.၁%** |
| အကာအကွယ်မရှိသော ရေတွင်း/ စိမ့်စမ်းရေ | ၃.၂% |

| အညွှန်းကိန်းများ | |
|---|---|
| ဝန်ဆောင်မှုဖြင့် ဖြန့်ဖြူးသောရေ (ရေကား/ရေစည်လှည်းမှရေ) | ၂.၀% |
| မြေပေါ်ရေ (မြစ်ရေ၊ ချောင်းရေ၊ ဆည်ရေ၊ ကန်ရေ၊ တူးမြောင်းရေ၊ ရေသွယ်မြောင်းမှရေ) | ၁၂.၄% |
| အခြား | ၀.၃% |
| **ကောင်းမွန်ခြင်းမရှိသော ရေအရင်းအမြစ်များမှ သောက်ရေရရှိမှု** | **၁၇.၉%** |
| | |
| သောက်ရေဝန်ဆောင်မှုများရရှိသုံးစွဲနေမှု အခြေအနေ | |
| သန့်ရှင်း၍ဘေးကင်းသော သောက်ရေဝန်ဆောင်မှု | ၄၁.၄% |
| အခြေခံ သောက်ရေဝန်ဆောင်မှု | ၄၀.၃% |
| အကန့်အသတ်ရှိသော သောက်ရေဝန်ဆောင်မှု | ၀.၄% |
| ကောင်းမွန်ခြင်းမရှိသော ရေအရင်းအမြစ် | ၅.၅% |
| မြေပေါ်ရေ | ၁၂.၄% |
| | |
| အိမ်သာအမျိုးအစား | |
| မိလ္လာပိုက်စနစ်နှင့် မိလ္လာကန်တွင်း ရေလောင်းသည့်အိမ်သာ | ၂၆.၁% |
| ရေလောင်းအိမ်သာ | ၅၉.၂% |
| လေဝင်လေထွက်ကောင်းမွန်သော ကျင်းအိမ်သာ | ၁.၆% |
| အိမ်သာကျင်းအဖုံးပါ/ဖုံးအုပ်ထားသော တွင်းအိမ်သာ | ၄.၅% |
| **ကောင်းမွန်သန့်ရှင်းသောအိမ်သာများ ဆောက်လုပ်သုံးစွဲမှု** | **၉၁.၄%** |
| အဖုံးမဲ့/ဖုံးအုပ်မထားသောတွင်း/ကျင်းအိမ်သာ | ၁.၆% |
| ပုံး/လှောင်ကန်ကို အခြေခံသည့်အိမ်သာ၊ ချောင်း/မြစ်ကမ်းပါးစပ်/ရေစပ်ရှိအိမ်သာ၊ မြေပြင်/ရေထဲသို့ ရေလောင်းချသောအိမ်သာ (ကျင်းမဲ့အိမ်သာ)/မည်သည့်နေရာသို့ ရောက်မှန်းမသိပါ | ၁.၉% |
| အခြား | ၀.၂% |
| အိမ်သာမရှိ/ခြုံထဲ/လယ်ကွင်းထဲ (သို့မဟုတ်) တောထိုင်ခြင်း | ၄.၉% |
| **ကောင်းမွန်သန့်ရှင်းမှု မရှိသော အိမ်သာများဆောက်လုပ်သုံးစွဲမှု** | **၈.၆%** |
| | |
| မိလ္လာဝန်ဆောင်မှုများ ရရှိသုံးစွဲမှုအခြေအနေ | |
| အခြေခံ (အနိမ့်ဆုံး) မိလ္လာဝန်ဆောင်မှု | ၇၉.၆% |
| အကန့်အသတ်ရှိသော မိလ္လာဝန်ဆောင်မှု | ၁၁.၉% |
| ကောင်းမွန်သန့်ရှင်းမှုမရှိသော အိမ်သာ | ၃.၆% |
| ပြင်ပ၌ အပေါ့အလေးသွားခြင်း (အိမ်သာမရှိ/ခြုံထဲ/လယ်ကွင်းထဲ သို့မဟုတ် တောထိုင်ခြင်း) | ၄.၉% |
| | |

| အညွှန်းကိန်းများ | |
|---|---|
| အခြေခံ တစ်ကိုယ်ရေသန့်ရှင်းရေးဝန်ဆောင်မှုများ ရရှိသုံးစွဲမှု အခြေအနေ | |
| အခြေခံ လက်ဆေးခြင်းဝန်ဆောင်မှု | ၇၂.၃% |
| အကန့်အသတ်ရှိသော လက်ဆေးခြင်းဝန်ဆောင်မှု | ၂၂.၃% |
| လက်ဆေးရန် နေရာမရှိပါ | ၄.၉% |
| ကြည့်ရှုခွင့်မရခဲ့သောအိမ်ထောင်စုများ | ၀.၅% |
| | |
| အမှိုက်စွန့်ပစ်မှုစနစ် | |
| ဝန်ဆောင်မှုပေးသူများမှ အမှိုက်သိမ်းခြင်း (စည်ပင် အသိအမှတ်ပြုသူ) | ၁၇.၅% |
| ဝန်ဆောင်မှုပေးသူများမှ အမှိုက်သိမ်းခြင်း (အခြားဝန်ဆောင်မှုပေးသူ) | ၃.၅% |
| သတ်မှတ်ထားသောနေရာ/မိမိအိမ်ခြံဝင်းအတွင်း အမှိုက်စွန့်ပစ်ခြင်း၊ မြေမြှုပ်ခြင်း(သို့မဟုတ်) မီးရှို့ခြင်း | ၅၆.၇% |
| ကြုံရာနေရာတွင် စွန့်ပစ်ခြင်းနှင့် အခြား | ၂၂.၃% |
| | |
| ဆက်သွယ်ရေးပစ္စည်းများ သုံးစွဲနိုင်မှုအခြေအနေ | |
| ရေဒီယို | ၁၉.၁% |
| ရုပ်မြင်သံကြား | ၅၉.၃% |
| ကြိုးဖုန်း | ၄.၃% |
| လက်ကိုင်ဖုန်း | ၈၅.၈% |
| ကွန်ပျူတာ | ၅.၄% |
| အိမ်တွင်အင်တာနက်တပ်ဆင်ထားခြင်း (ကြိုးဖုန်း သို့မဟုတ် လက်ကိုင်ဖုန်းမှတဆင့်) | ၅၆.၀% |
| မည်သည့်ပစ္စည်းမျှ မရှိသည့် ရာခိုင်နှုန်း | ၉.၄% |
| ပစ္စည်းအားလုံးရှိသည့် ရာခိုင်နှုန်း | ၀.၃% |
| | |
| သယ်ယူပို့ဆောင်ရေးယာဉ်များ သုံးစွဲနိုင်မှုအခြေအနေ | |
| ကား/ပစ်ကပ်/ထရပ်ကား/ဗင်န် | ၇.၈% |
| မော်တော်ဆိုင်ကယ်/လျှပ်စစ်စက်ဘီး/သုံးဘီးကား | ၅၉.၄% |
| စက်ဘီး | ၃၆.၇% |
| (၄) ဘီးပါထော်လာဂျီ | ၃.၃% |
| ကနူးလှေ/သမ္ဗာန် | ၃.၅% |
| စက်လှေ/မော်တော်ဘုတ် | ၃.၁% |
| လှည်း (ကျွဲ၊ နွား၊ မြင်း...... စသဖြင့်) | ၁၆.၂% |
| | |

မှတ်ချက်။ *၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

အစီရင်ခံစာအား **www.dop.gov.mm**

(သို့မဟုတ်)

**https://myanmar.unfpa.org** တွင် ရယူနိုင်ပါသည်။